# နနွင်းတွင် ကျရောက်တတ်သော ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ

## ၁။ ရွက်ပြောက်ကြီးရောဂါ (Leaf Blotch Disease)

**ရောဂါဖြစ်စေသောသက်ရှိ** - *Taphrina maculans* Butler

**ရောဂါလက္ခဏာများ**

ရောဂါလက္ခဏာမှာ အရွက်ပေါ်တွင် သေးငယ်သော ဘဲဥပုံ၊ စတုဂံပုံ (သို့မဟုတ်) ပုံသဏ္ဍာန် မမှန်သော အညိုရောင်အစက်အပြောက်များစတင်ဖြစ်ပေါ်လာပြီးနောက် တဖြည်းဖြည်း အဝါရောင် (သို့မဟုတ်) အညိုရောင်သို့ပြောင်းသွားသည်။ ရောဂါပြင်းထန်ပါက အပင်များ သည် လောင်ကျွမ်းပြီး နနွင်းအထွက်နှုန်းကို လျော့ကျစေသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကင်းသောဒေသများမှ မျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- သီးလှည့်စိုက်ပျိုးစနစ်ကျင့်သုံးပါ။
- စိုက်ခင်းအတွင်းရှိ ရောဂါအရင်းအမြစ်ကို လျှော့ချရန်အတွက် ရောဂါကျရောက်နေသော အရွက်ခြောက်များကို စုဆောင်း၍ မီးရှို့ဖျက်ဆီးပါ။
- ရေတစ်လီတာလျှင် မန်ကိုဇက် (၃) ဂရမ် နှုန်း ဖြင့် မျိုးများကို နာရီဝက်ခန့် စိမ်ထားပြီး အရိပ်ထဲတွင် အခြောက်ခံပြီးမှ စိုက်ပါ။
- Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်) ကို ရေတစ်လီတာလျှင် (၃) ဂရမ်နှုန်းဖြင့် ဖြန်းပေးခြင်းသည် ရောဂါကို ထိရောက်စွာ နှိမ်နင်းနိုင်သည်။